# ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ် (ကရင်ပြည်နယ်၊ လွယ်ကြူးခရိုင်)၊ ညောင်ပင်သာကျေးရွာ၊ မြောက်ကမ်းရှိ ကလေးငယ်များအပါအဝင် ပြည်သူ (၁၈) ဦးကို အကြမ်းဖက်စစ်အုပ်စုက အစုလိုက်အပြုံလိုက် သတ်ဖြတ်မီးရှို့မှု

၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်

မေလ ၁၂ရက်နေ့ နေ့လည် ၃း၀၀နာရီထိ ရရှိသော အချက်များပေါ်တွင် အခြေခံ၍ ထုတ်ပြန်ခြင်း ဖြစ်သည်။

# ဖြစ်စဉ်အကျဉ်း

၂၀၂၃ခုနှစ်၊ မေလ ၁၀ ရက်နေ့

- နံနက် ၁၀ နာရီခန့် တွင် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် (ကရင်ပြည်နယ်၊ လွယ်ကြူးခရိုင်)၊ ညောင်ပင်သာကျေးရွာသို့ အကြမ်းဖက်စစ်အုပ်စု တပ်မ–၄၄၊ ခလရ–၇၃၊ ခမရ–၅၉၉၊ ခမရ–၅၉၀ တို့မှ အင်အား (၁၀၀) ကျော်ဖြင့် ကျောက်ကြီးမြို့နယ်ဘက်မှ တစ်ဖွဲ့၊ ထန်းတပင်မြို့နယ်ဘက်မှ တစ်ဖွဲ့ ပစ်ခတ်ဝင်ရောက်
- ညနေ ၅ နာရီအချိန်ခန့် အထိ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ညောင်ပင်သာ ကျေးရွာ မြောက်ကမ်းအနီးတွင် အကြမ်းဖက်စစ်အုပ်စုနှင့် KNU၊ PDF ပူးပေါင်းမဟာမိတ် တပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွား
- တိုက်ပွဲဖြစ်ပွားပြီးနောက် အကြမ်းဖက်စစ်အုပ်စုက ကျေးရွာအတွင်း ဝင်ရောက်ကာ ဒေသခံပြည်သူ ကျား ၈ ဦး ၊ မ ၁၀ ဦး တို့ကိုဖမ်းဆီးခဲ့

မေလ ၁၂ရက်နေ့ နေ့လည် ၃း၀၀နာရီထိ ရရှိသော အချက်များပေါ်တွင် အခြေခံ၍ ထုတ်ပြန်ခြင်း ဖြစ်သည်။

# ရုပ်အလောင်းများတွေ့ရှိမှု

**၂၀၂၃ခုနှစ်၊ မေလ ၁၁ ရက်နေ့**

ဒေသခံပြည်သူများနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်မဟာ (၃) လက်အောက်ခံ စစ်ကြောင်းမှ ညောင်ပင်သာကျေးရွာ အတွင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်စစ်အုပ်စုမှ ဖမ်းဆီးခဲ့သည့် အပြစ်မဲ့ပြည်သူများ၏ မျက်နှာများကို အဝတ်စည်းကာ လည်လှီးပြီး အစုလိုက်၊ အပြုံလိုက်သတ်ဖြတ်ကာ အမျိုးသမီးများအားတစ်စု၊ အမျိုးသားများအားတစ်စု ခွဲ၍ မီးရှို့ထားကြောင်း တွေ့ရှိရ

မေလ ၁၂ရက်နေ့ နေ့လည် ၃း၀၀နာရီထိ ရရှိသော အချက်များပေါ်တွင် အခြေခံ၍ ထုတ်ပြန်ခြင်း ဖြစ်သည်။




# ထန်းတပင်မြို့နယ်မြေပုံ

## ခလရ (၇၃) တပ်ရင်း

အကြမ်းဖက်စစ်အုပ်စုတပ်ရင်းတည်နေရာ

## ညောင်ပင်သာကျေးရွာ

အခင်းဖြစ်ပွားရာနေရာ







သတ်ဖြတ်မီးရှို့ခံထားရသည့် ရုပ်အလောင်းများ

# စုစုပေါင်း သေဆုံးသူအရေအတွက်

| ၈ | ၁၀ | ၁၈ |
|---|---|---|
| ကျား | မ | စုစုပေါင်း |



သေဆုံးသူများတွင် တစ်ခြံတည်းနေ ၂ အိမ်မှ မိသားစု ၈ ဦး သတ်ဖြတ်ခံခဲ့ရပြီး၊

အသက် ၁၇ နှစ် အရွယ် တစ်ဦး၊ အသက် ၁၅ နှစ်အရွယ် တစ်ဦး၊ ၁၀ နှစ် နှင့် အောက် ကလေးငယ် (၃) ဦးပါဝင်

**မေလ ၁၂ရက်နေ့ နေ့လည် ၃း၀၀နာရီထိ ရရှိသော အချက်များပေါ်တွင် အခြေခံ၍ ထုတ်ပြန်ခြင်း ဖြစ်သည်။**

# သတ်ဖြတ်မီးရှို့ခံရသည့် သေဆုံးသူအမည်စာရင်း

| စဉ် | အမည် | အသက် | လိင် |
|---|---|---|---|
| ၁ | မောင်သက်ပိုင်ဟိန်း | (၅)နှစ် | ကျား |
| ၂ | မသက်နှင်းစံ | (၆)နှစ် | မ |
| ၃ | မောင်မိုးဝေယံ | (၇)နှစ် | ကျား |
| ၄ | မောင်ဆက်ပိုင်ဟိန်း | (၉)နှစ် | ကျား |
| ၅ | မောင်မိုးဝသန် | (၁၅)နှစ် | ကျား |
| ၆ | မဂျူးဂျူးမေ | (၁၇)နှစ် | မ |
| ၇ | မသန်းသန်းဝေ | (၂၈)နှစ် | မ |
| ၈ | မသန်းသန်းဆွေ | (၃၅)နှစ် | မ |
| ၉ | ဦးဇော်မိုးအောင် | (၄၀)နှစ် | ကျား |
| ၁၀ | ဒေါ်သူဇာ | (၄၀)နှစ် | မ |
| ၁၁ | ဒေါ်တင်အုန်း | (၅၃)နှစ် | မ |
| ၁၂ | ဦးတိုးတိုး | (၅၃)နှစ် | ကျား |
| ၁၃ | ဒေါ်တင်ဆန်း | (၅၃)နှစ် | မ |
| ၁၄ | ဒေါ်ခင်အုန်း | (၅၅)နှစ် | မ |
| ၁၅ | ဦးကျော်သိန်း | (၅၅)နှစ် | ကျား |
| ၁၆ | ဒေါ်ချွတ်တီ | (၅၈)နှစ် | မ |
| ၁၇ | ဒေါ်ခင်ရီ | (၆၈)နှစ် | မ |
| ၁၈ | ဦးဝင်းမြိုင် | (၇၀)နှစ် | ကျား |

သေဆုံးသူများ အားလုံးသည် ပဲခူးတိုင်းဒေသကြီး ၊ ထန်းတပင်မြို့နယ် ၊

ညောင်ပင်သာကျေးရွာတွင် နေထိုင်ကြသော ဒေသခံများဖြစ်သည်။

မေလ ၁၂ရက်နေ့ နေ့လည် ၃း၀၀နာရီထိ ရရှိသော အချက်များပေါ်တွင် အခြေခံ၍ ထုတ်ပြန်ခြင်း ဖြစ်သည်။

# နောက်ဆက်တွဲအခြေအနေ

အကြမ်းဖက်စစ်အုပ်စု တပ်မ-၄၄၊ ခလရ-၇၃၊ ခမရ-၅၉၉၊ ခမရ-၅၉၀ တို့မှ အင်အား (၁၀၀) ကျော် ပါရှိသည့် စစ်ကြောင်းသည် ဒေသခံရွာသားများမွေးမြူထားသည့် ကြက်၊ ဝက် တိရစ္ဆာန်များကို သတ်ဖြတ် စားသောက်ခဲ့ကြပြီး၊ ဈေးဆိုင်နေအိမ်များကို ဖောက်ထွင်းမွှေနှောက်ကာ ပစ္စည်းများကိုလည်း ယူဆောင်သွားခဲ့သည်။

**အိမ်ခြေ ၂၀၀၀ ခန့်**

ညောင်ပင်သာကျေးရွာ စစ်ဘေးရှောင်အရေအတွက်

**လူဦးရေ ၁သိန်းကျော်**

